# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

**ညွှန်ကြားချက်အမှတ် ၅ / ၂၀၂၄**

**၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**

**(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)**

## တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်ညွှန်ကြားချက်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၅ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သောတိရစ္ဆာန်အထွေထွေရောဂါ ကုဆေးခန်း၊ တိရစ္ဆာန်အထူးကုဆေးခန်း၊ တိရစ္ဆာန်ကုဆေးရုံ သို့မဟုတ် လေ့ကျင့်သင်ကြားရေး တိရစ္ဆာန်ကုဆေးရုံစသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သည် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိရန် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ပါ အထောက် အထားများပူးတွဲ လျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ ၆ လအတွင်း ရိုက်ကူးထားသော (၂လက်မ x ၁လက်မခွဲ အရွယ်) ရောင်စုံဓာတ်ပုံ၊

(ခ) လုပ်ငန်းတည်ရှိရာလိပ်စာနှင့်အဆောက်အအုံနှင့်မြေနေရာအခင်းအကျင်းအတိုင်းအတာ၊ အကျယ်အဝန်း၊

(ဂ) အဆောက်အအုံရှေ့၊ နံဘေးနှင့် အတွင်းခန်းများအားလုံး၏ ရောင်စုံဓာတ်ပုံ၊

22-7-2024

(ဃ) ကြီးကြပ်ဆောင်ရွက်မည့်သူစာရင်းနှင့် ယင်းတို့၏ ကိုယ်ရေးအချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက်အထား၊

( င ) ဝန်ထမ်းစာရင်းနှင့် ယင်းတို့၏ကိုယ်ရေးအချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက်အထား၊

(စ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက လုပ်ငန်းအမျိုးအစားအလိုက် တောင်းခံသည့် အခြားစာရွက်စာတမ်း အထောက်အထားများ၊

(ဆ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်။

၂။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်လျှောက်ထားလိုသည့် ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းသည် မိမိလုပ်ကိုင်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စီမံဆောင်ရွက်ထားရမည်-

(က) မိမိလုပ်ကိုင်မည့် လုပ်ငန်းအမျိုးအစားအလိုက် လုံလောက်သော မြေ သို့မဟုတ် နေရာအကျယ်အဝန်းရှိရမည်။

(ခ) အဆောက်အအုံ သို့မဟုတ် အခန်းများသည် လုပ်ငန်းအတွက် သင့်လျော်သောအကျယ်အဝန်းရှိပြီး ဘေးကင်းလုံခြုံ၍ ခိုင်ခံ့ရမည်။

(ဂ) လျှပ်စစ်မီးနှင့် လေဆိုးထုတ်စနစ် ထားရှိရမည်။

(ဃ) အခင်းနှင့်နံရံသည် လွယ်ကူစွာ ပိုးသတ်သန့်စင်နိုင်သော မျက်နှာပြင်ဖြစ်ရမည်။

( င ) တိရစ္ဆာန်ထိန်းချုပ်မှုစနစ် စီမံထားရှိရမည်။

( စ ) ဆေးသိုလှောင်ခန်း ထည့်သွင်းထားရှိရမည်။

(ဆ) အအေးသိုလှောင်မှုစနစ် (Cold Storage) ပါရှိရမည်။

( ဇ ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အသိအမှတ်ပြုထားသော ပစ္စည်းကိရိယာနှင့်ဆေးဝါးများ ထားရှိရမည်။

(ဈ) အဆောက်အအုံ သို့မဟုတ် အခန်းအတွင်းအပြင်တို့တွင် သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီမံဆောင်ရွက်ထားရှိရမည်။

(ည) သန့်ရှင်းသောရေ ရရှိရေးအတွက် စီမံဆောင်ရွက်ထားရှိရမည်။

(ဋ) ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး၊ တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သော ရောဂါများ မပျံ့ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို အမျိုးအစားအလိုက် ဘေးကင်းစွာ စနစ်တကျ စွန့်ပစ်ရေးတို့အတွက် စီမံဆောင်ရွက်ထားရှိရမည်။

၃။ တိရစ္ဆာန်အထွေထွေရောဂါကုဆေးခန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီက ထုတ်ပေးသည့် သက်တမ်းကုန်ဆုံးရက် မကျော်လွန်သေးသော တဆမ မှတ်ပုံတင်လက်မှတ်ရ တိရစ္ဆာန်ဆေးကုဆရာဝန် အနည်းဆုံး (၁) ဦး ရှိရမည်။

(ခ) ထားရှိရမည့် စာရွက်စာတမ်းများတွင် ကာကွယ်ဆေးထိုးမှတ်တမ်း၊ ဆေးကုသမှု မှတ်တမ်းစာအုပ်၊ ကန့်သတ်ဆေးဝါးထိန်းသိမ်းထားရှိမှုနှင့် သုံးစွဲမှုမှတ်တမ်း၊ အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများစာရင်း တို့ပါရှိရမည်။

(ဂ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကူးစက်ရောဂါထိန်းချုပ်ရန်အလို့ငှာ ပေးအပ်သည့် အသိပညာပေး ဗီနိုင်းပိုစတာ (Vinyl Poster)များ ချိတ်ဆွဲထားရှိရမည်။

(ဃ) အထွေထွေရောဂါ ကနဦးစမ်းသပ်ခန်းတွင်-

(၁) အလင်းရောင် သို့မဟုတ် လျှပ်စစ်မီး ကောင်းမွန်စွာရရှိရမည်။

(၂) လေဝင်လေထွက်ကောင်းမွန်သည့်စနစ် သို့မဟုတ် လေဆိုးထုတ်စနစ် ရှိရမည်။

(၃) စမ်းသပ်သည့် စားပွဲသည် လွယ်ကူစွာ ပိုးသတ်သန့်စင်ရန် စီစဉ်ဆောင်ရွက်ထားရှိရမည်။

(၄) ဆေးပစ္စည်းနှင့် ဆေးကုခန်းသုံးပစ္စည်းကိရိယာများ စနစ်တကျထားရှိရမည်။

(၅) အအေးခန်းဖြင့် သိုလှောင်ရသည့် ပစ္စည်းများသုံးစွဲပါက ရေခဲသေတ္တာထားရှိရမည်။

(၆) အလေးချိန်နှင့် အပူချိန်တိုင်းတာသည့် ပစ္စည်းကိရိယာများ ထားရှိရမည်။

(၇) တိရစ္ဆာန်ထိန်းချုပ်ရာတွင် လိုအပ်သည့် ပစ္စည်းများနှင့် အထွေထွေဆေးခန်းသုံး ပစ္စည်းများထားရှိရမည်။

(၈) ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဆေးဝါးများကို လုံခြုံစွာ သော့ခတ်သိမ်းဆည်းသည့်စနစ် ထားရှိရမည်။

(င) ခွဲစိတ်ခန်းထားရှိမည်ဆိုပါက-

(၁) ခွဲစိတ်ခန်းသုံးပစ္စည်းများ အစုံအလင် ရှိရမည်။

(၂) ပိုးသတ်ရန် ပစ္စည်းများ ထားရှိရမည်။

(၃) အရေးပေါ်အသက်ကယ် ပစ္စည်းကိရိယာနှင့်ဆေးများ ထားရှိရမည်။

(စ) နာမကျန်း တိရစ္ဆာန်ညွှန်းပို့မှုစနစ် (Patient Referral System) ထားရှိရမည်။

၄။ တိရစ္ဆာန်အထူးကုဆေးခန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီက ထုတ်ပေးသည့် သက်တမ်းကုန်ဆုံးရက် မကျော်လွန်သေးသော တဆမ မှတ်ပုံတင်လက်မှတ်ရ တိရစ္ဆာန်ဆေးကုဆရာဝန် အနည်းဆုံး (၂)ဦး ရှိရမည်။

(ခ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အသိအမှတ်ပြုထားသည့် တိရစ္ဆာန်ဆေးကုအကူ အနည်းဆုံး(၂)ဦး ထားရှိရမည်။

(ဂ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အသိအမှတ်ပြုထားသော အခြေခံဓာတ်ခွဲခန်း ကျွမ်းကျင်မှု သင်တန်းဆင်းလက်မှတ်ရရှိထားသည့် ဓာတ်ခွဲခန်းကျွမ်းကျင်သူ အနည်းဆုံး (၁)ဦး ရှိရမည်။

(ဃ) ထားရှိရမည့် စာရွက်စာတမ်းများတွင် ကာကွယ်ဆေးထိုးမှတ်တမ်း၊ ဆေးကုသမှု မှတ်တမ်းစာအုပ်၊ ကန့်သတ်ဆေးဝါးထိန်းသိမ်းထားရှိမှုနှင့် သုံးစွဲမှုမှတ်တမ်း၊ အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများစာရင်းတို့ ပါရှိရမည်။

(င) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကူးစက်ရောဂါထိန်းချုပ်ရန်အလို့ငှာ ပေးအပ်သည့် အသိပညာပေးသည့် ဗီနိုင်းပိုစတာ (Vinyl Poster) များထားရှိရမည်။

(စ) ဧည့်ခန်းနှင့် စာရင်းသွင်းလက်ခံသည့်နေရာ (Reception) ထားရှိရမည်။

(ဆ) အထွေထွေရောဂါကနဦးစမ်းသပ်ခန်းတွင်-

(၁) အလင်းရောင် သို့မဟုတ် လျှပ်စစ်မီး ကောင်းမွန်စွာရရှိရမည်။

(၂) လေဝင်လေထွက်ကောင်းမွန်သည့်စနစ် သို့မဟုတ် လေဆိုးထုတ်စနစ် ရှိရမည်။

(၃) စမ်းသပ်သည့်စားပွဲသည် လွယ်ကူစွာပိုးသတ်သန့်စင်ရန် စီစဉ်ဆောင်ရွက်ထား ရှိရမည်။

(၄) ဆေးပစ္စည်းနှင့် ဆေးကုခန်းသုံးပစ္စည်းကိရိယာများ စနစ်တကျထားရှိရမည်။

(၅) အအေးခန်းဖြင့် သိုလှောင်ရသည့် ပစ္စည်းများ သုံးစွဲပါက ရေခဲသေတ္တာ ထားရှိရ မည်။

(၆) အလေးချိန်နှင့် အပူချိန်တိုင်းတာသည့် ပစ္စည်းကိရိယာများ ထားရှိရမည်။

(၇) တိရစ္ဆာန်ထိန်းချုပ်ရာတွင် လိုအပ်သည့် ပစ္စည်းများနှင့်ဆေးခန်းသုံး ပစ္စည်းများ ထားရှိရမည်။

(၈) ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဆေးဝါးများကို လုံခြုံစွာ သော့ခတ်သိမ်းဆည်း သည့်စနစ် ထားရှိရမည်။

(ဇ) ခွဲစိတ်ခန်းတွင်-

(၁) ခွဲစိတ်ခန်းသုံးပစ္စည်းများ အစုံအလင် ရှိရမည်။

(၂) ပိုးသတ်ရန် ပစ္စည်းများ ထားရှိရမည်။

(၃) အရေးပေါ်အသက်ကယ် ပစ္စည်းကိရိယာနှင့် ဆေးများထားရှိရမည်။

(၄) နာမကျန်းတိရစ္ဆာန် စောင့်ကြည့်သည့်စနစ် စီမံထားရှိရမည်။

(၅) အောက်စီဂျင် (Oxygen) ပေးသည့်စနစ် ပါရှိရမည်။

(ဈ) ဓာတ်ခွဲခန်းတွင်-

(၁) အဏုကြည့်မှန်ပြောင်း (Microscope)နှင့် ဆက်စပ်ပစ္စည်းများ ထားရှိရမည်။

(၂) သွေး၊ ဝမ်း၊ ဆီး၊ အရေပြား စစ်ဆေးသည့်ပစ္စည်းများ ထားရှိရမည်။

(၃) ကူးစက်ရောဂါ အမြန်စစ်ဆေးသည့် ကိရိယာ(Rapid Test Kit)များ ထားရှိ ရမည်။

(ည) နာမကျန်းတိရစ္ဆာန် ညွှန်းပို့မှုစနစ် (Patient Referral System) ထားရှိရမည်။

၅။ တိရစ္ဆာန်ကုဆေးရုံ သို့မဟုတ် လေ့ကျင့်သင်ကြားရေးတိရစ္ဆာန်ကုဆေးရုံသည် အောက်ပါ အင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီက ထုတ်ပေးသည့် သက်တမ်းကုန်ဆုံးရက် မကျော်လွန်သေးသော တဆမ မှတ်ပုံတင်လက်မှတ်ရ တိရစ္ဆာန်ဆေးကုဆရာဝန် အနည်းဆုံး (၃) ဦး ရှိရမည်။

(ခ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အသိအမှတ်ပြုထားသည့် တိရစ္ဆာန်ဆေးကုအကူ အနည်းဆုံး (၂) ဦး ထားရှိရမည်။

(ဂ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အသိအမှတ်ပြုထားသော အခြေခံခွဲခန်း ကျွမ်းကျင်မှု သင်တန်းဆင်းလက်မှတ် ရရှိထားသည့် ခွဲခန်း ကျွမ်းကျင်သူ အနည်းဆုံး (၂) ဦး ရှိရမည်။

(ဃ) ထားရှိရမည့် စာရွက်စာတမ်းများတွင် ကာကွယ်ဆေးထိုးမှတ်တမ်း၊ ဆေးကုသမှု မှတ်တမ်းစာအုပ်၊ ကန့်သတ်ဆေးဝါးထိန်းသိမ်းထားရှိမှုနှင့် သုံးစွဲမှုမှတ်တမ်း၊ အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများစာရင်း တို့ပါရှိရမည်။

(င) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကူးစက်ရောဂါထိန်းချုပ်ရန်အလို့ငှာ ပေးအပ်သည့် အသိပညာပေးသည့် ဗီနိုင်းပိုစတာ(Vinyl Poster)များ ထားရှိရမည်။

(စ) ဧည့်ခန်းနှင့် စာရင်းသွင်းလက်ခံသည့်နေရာ (Reception) ထားရှိရမည်။

(ဆ) အထွေထွေရောဂါ ကနဦးစမ်းသပ်ခန်းတွင်-

(၁) အလင်းရောင် သို့မဟုတ် လျှပ်စစ်မီး ကောင်းမွန်စွာရရှိရမည်။

(၂) လေဝင်လေထွက် ကောင်းမွန်သည့်စနစ် သို့မဟုတ် လေဆိုးထုတ်စနစ် ရှိရမည်။

(၃) စမ်းသပ်သည့်စားပွဲသည် လွယ်ကူစွာ ပိုးသတ်သန့်စင်ရန် စီစဉ်ဆောင်ရွက် ထားရှိရမည်။

(၄) ဆေးပစ္စည်းနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ စနစ်တကျထားရှိရမည်။

(၅) အအေးခန်းဖြင့် သိုလှောင်ရသည့်ပစ္စည်းများ သုံးစွဲပါက ရေခဲသေတ္တာ ထားရှိရမည်။

(၆) အလေးချိန်နှင့် အပူချိန်တိုင်းတာသည့် ပစ္စည်းကိရိယာများ ထားရှိရမည်။

(၇) တိရစ္ဆာန်ထိန်းချုပ်ရာတွင် လိုအပ်သည့်ပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများ ထားရှိရမည်။

(၈) ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဆေးဝါးများကို လုံခြုံစွာ သော့ခတ်သိမ်းဆည်းသည့်စနစ် ထားရှိရမည်။

(ဇ) ခွဲစိတ်ခန်းတွင်-

(၁) ခွဲစိတ်ခန်းသုံးပစ္စည်းများ အစုံအလင် ထားရှိရမည်။

(၂) ပိုးသတ်ရန် ပစ္စည်းများ ထားရှိရမည်။

(၃) အရေးပေါ်အသက်ကယ် ပစ္စည်းကိရိယာနှင့်ဆေးများ ထားရှိရမည်။

(၄) နာမကျန်းတိရစ္ဆာန် စောင့်ကြည့်သည့်စနစ် စီမံထားရှိရမည်။

(၅) အောက်စီဂျင်(Oxygen)ပေးသည့်စနစ် ပါရှိရမည်။

(၆) မေ့ဆေးပေးစက် ထားရှိရမည်။

(ဈ) ဓာတ်ခွဲခန်းတွင်-

(၁) အဏုကြည့်မှန်ပြောင်း (Microscope)နှင့် ဆက်စပ်ပစ္စည်းများ ထားရှိရမည်။

(၂) သွေး၊ ဝမ်း၊ ဆီး၊ အရေပြား စစ်ဆေးသည့်ပစ္စည်းများ ထားရှိရမည်။

(၃) ကူးစက်ရောဂါ အမြန်စစ်ဆေးသည့် ကိရိယာ (Rapid Test Kit) များ ထားရှိရမည်။

(ည) ရောဂါရှာဖွေစစ်ဆေးခန်းတွင် စမ်းသပ်စစ်ဆေးသည့် ပစ္စည်းကိရိယာအမျိုးအစားအလိုက် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်သည့် စနစ်ရှိရမည်။

၆။ သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသည် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းခွင့်ပြုလက်မှတ်ရရှိရန် လျှောက်ထားချက်ကို လက်ခံရရှိပါကသတ်မှတ်ချက်များ

နှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

၇။ သက်ဆိုင်ရာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသည် အပိုဒ် ၆အရ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ တင်ပြချက်ကိုလက်ခံရရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိရစ္ဆာန်အထွေထွေရောဂါကု ဆေးခန်းအတွက် လျှောက်ထားခြင်းဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား လိုအပ်ချက်များ ပြည့်စုံအောင် ဆောင်ရွက်စေပြီး သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(ခ) တိရစ္ဆာန်အထူးကုဆေးခန်း၊ တိရစ္ဆာန်ကုဆေးရုံ သို့မဟုတ် လေ့ကျင့်သင်ကြားရေး တိရစ္ဆာန်ကုဆေးရုံအတွက် လျှောက်ထားခြင်းဖြစ်ပါက သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

၈။ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသည် အပိုဒ်၇ အပိုဒ်ခွဲ(ခ)အရ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ တင်ပြချက်ကို လက်ခံရရှိပါက အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) တိရစ္ဆာန်အထူးကုဆေးခန်းအတွက် လျှောက်ထားခြင်းဖြစ်ပါက သတ်မှတ်ချက်နှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက

လျှောက်ထားသူအား လိုအပ်ချက်များ ပြည့်စုံအောင်ဆောင်ရွက်စေပြီး သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(ခ) တိရစ္ဆာန်ကုဆေးရုံ သို့မဟုတ် လေ့ကျင့်သင်ကြားရေး တိရစ္ဆာန်ကုဆေးရုံအတွက် လျှောက်ထားခြင်းဖြစ်ပါက သဘောထားမှတ်ချက်ဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။

၉။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၈ အပိုဒ်ခွဲ (ခ) အရ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး၏ တင်ပြချက်ကို လက်ခံရရှိပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား လိုအပ်ချက်များ ပြည့်စုံအောင်ဆောင်ရွက်စေပြီး သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

၁၀။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်၏ သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၁၁။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိသူသည် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ အပိုဒ် ၁ ပါအချက်များနှင့်အညီ အသစ်ပြန်လည်လျှောက်ထားရမည်။

၁၂။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် သက်တမ်းကုန်ဆုံးသော်လည်း အသစ်ပြန်လည်လျှောက်ထားခြင်းမရှိပါက မူလတိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြု

လက်မှတ်သည် သက်တမ်းကုန်ဆုံးသည့် နေ့မှစ၍ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၃။ အပိုဒ် ၁၁ အရ အသစ်ပြန်လည်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသည် အပိုဒ် ၆ နှင့်အညီသော်လည်းကောင်း၊ သက်ဆိုင်ရာ ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသည် အပိုဒ် ၇ နှင့်အညီသော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး သည် အပိုဒ် ၈ နှင့်အညီသော်လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သည် အပိုဒ် ၉ နှင့်အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၁၄။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိသူသည် အောက်ပါတို့ကို လိုက်နာရမည်-

(က) တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များ ကို လိုက်နာရမည်။

(ခ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) အဆောက်အအုံများ၊ အသုံးအဆောင်ပစ္စည်းများကို ပိုးသတ်သန့်စင်ခြင်းနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) တရားဝင်မှတ်ပုံတင်ထားသော သက်တမ်းကုန်ဆုံးရက် မကျော်လွန်သေးသော ဆေးဝါး များကိုသာ အသုံးပြုရမည်။

(င) လုပ်ငန်းခွင်ဧရိယာကို ပုံမှန်သန့်ရှင်းရေး ဆောင်ရွက်ရမည်။

(စ) ဆေးမှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရမည်။

(ဆ) မိမိလုပ်ငန်းတွင်ကုသသော တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယ ဖြစ်ဖွယ်တွေ့ရှိရပါက သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

(ဇ) အပိုဒ်ခွဲ(ဆ)အရ အသိပေးအကြောင်းကြားပြီးနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ဈ) ပြည်တွင်း ပြည်ပရှိ တိရစ္ဆာန်ဆေးပညာဆိုင်ရာတက္ကသိုလ် တစ်ခုခုတွင် တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအား မိမိလုပ်ငန်းတွင် လက်တွေ့သင်ကြားမှုကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အတည်ပြုချက်ရယူ၍ လက်ခံဆောင်ရွက်ခြင်းပြုရမည်။

(ည) မိမိလုပ်ငန်းတွင် တိရစ္ဆာန်ဆေးကုသခြင်းအတွက် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီက ထုတ်ပေးသည့် သက်တမ်းကုန်ဆုံးရက် မကျော်လွန်သေးသော တဆမမှတ်ပုံတင်လက်မှတ်ရ တိရစ္ဆာန်ဆေးကုဆရာဝန်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အသိအမှတ်ပြုထားသည့် တိရစ္ဆာန်ဆေးကုအကူနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အသိအမှတ်ပြုထားသော အခြေခံဓာတ်ခွဲခန်း ကျွမ်းကျင်မှုသင်တန်းဆင်းလက်မှတ်ရရှိသည့် ဓာတ်ခွဲခန်းကျွမ်းကျင်သူကိုသာ ခန့်ထားဆောင်ရွက်ရမည်။

(ဋ) မိမိလုပ်ငန်းတွင် ခန့်အပ်ထားသည့် တိရစ္ဆာန်ဆေးကုအကူသည် တိရစ္ဆာန်ဆေးကုသမှုဆိုင်ရာ ကိစ္စရပ်များအတွက် တိရစ္ဆာန်ဆေးကုဆရာဝန်၏ ကြီးကြပ်မှုဖြင့်သာ ဆောင်ရွက်ရမည်။

၁၅။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိသူသည် ဤညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အရေးယူခြင်းခံရမည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၄ ( ၁၀၀ )

ရက်စွဲ၊ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)

22-7-2024

ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)

မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ၊ သုကျွန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဌာနခွဲ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

လက်ခံစာတွဲ

မျှောစာတွဲ